# အခန်း(၁) နိဒါန်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားပညာရေးဥပဒေတွင် သူငယ်တန်း ပညာရေးကို မူလတန်းပညာရေး၏ အခြေခံအတန်းအဖြစ်သတ်မှတ်ပြီး သူငယ်တန်းပညာရေးပြီးသည့်နောက် ပညာသင်နှစ် စုစုပေါင်းကာလ ၁၂ နှစ်ကို ဦးတည်ဆောင်ရွက်ရန် ပြဋ္ဌာန်းထားပါသည်။ အဆိုပါ ပြဋ္ဌာန်းချက်နှင့် အညီ အခြေခံပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲရာတွင် သူငယ်တန်းမှစတင်ကာ သင်ရိုးညွှန်းတမ်းကို ပြုပြင်ပြောင်းလဲရန် လိုအပ်လာပါသည်။ ထို ဥပဒေမှာပင် သူငယ်တန်းပညာရေးကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ **ပထမတန်းသို့ ကူးပြောင်းမှု လွယ်ကူစေရန် အသက် (၅)နှစ်ပြည့်ပြီးကလေးများအတွက် ဘက်စုံဖွံ့ဖြိုးမှုနှင့် သင့်လျော်သော နည်းလမ်းများကိုအသုံးပြုပြီး ပြုစုပျိုးထောင်ပေးသည့် ပညာရေး** ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ထို့ပြင် မြန်မာ့ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒတွင်လည်း **အသက်(၄)နှစ်မှ(၅)နှစ်အရွယ်ကလေးများ အိမ်၊ မူကြိုကျောင်းများမှ လူတိုင်းအကျုံးဝင်သော သူငယ်တန်းနှင့် မူလတန်းသို့ ချောမွေ့စွာကူးပြောင်းနိုင်ရေးအတွက် အားကောင်းသော အကူးအပြောင်း အစီအစဉ်တစ်ရပ်ကို ဖော်ဆောင်ရန်**လည်း မဟာဗျူဟာတစ်ရပ်အဖြစ် ချမှတ်ထားပါသည်။

အဆိုပါဥပဒေနှင့် မူဝါဒလမ်းညွှန်များကို အခြေပြုလျက် သူငယ်တန်းကလေးများအတွက် အောက်တွင်ဖော်ပြထားသည့် ဆီလျော်ညီညွတ်မှုသုံးမျိုးနှင့်ကိုက်ညီသည့် သူငယ်တန်းသင်ရိုးညွှန်းတမ်းကို ရေးဆွဲထားပါသည်။ အဆိုပါ ညီညွတ်မှုသုံးမျိုးမှာ–

- ဖွံ့ဖြိုးမှုအဆင့်နှင့်လိုက်လျောညီထွေဖြစ်မှု
- ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေဖြစ်မှု
- ပညာရေးအရလိုက်လျောညီထွေဖြစ်မှု တို့ဖြစ်သည်။

ဤသင်ရိုးညွှန်းတမ်းအသစ်တွင် ဘာသာရပ်နယ်ပယ်ခွဲခြားထားခြင်းမဟုတ်ဘဲ သင်ယူဖွံ့ဖြိုးမှု နယ်ပယ် ခြောက်ခုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ အဆိုပါ နယ်ပယ်ခြောက်ခုမှာ–

(က) ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း
(ခ) စာရိတ္တ၊ မိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာဖွံ့ဖြိုးတိုးတက်ခြင်း
(ဂ) အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်း
(ဃ) သင်္ချာအခြေခံများကို စူးစမ်းလေ့လာခြင်း
(င) အနုပညာရသခံစားခြင်းနှင့် ဖန်တီးခြင်း
(စ) ပတ်ဝန်းကျင်လောကကို သိရှိနားလည်ခြင်းတို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိသူငယ်တန်းတက်ရောက်လာကြသော (၅)နှစ်အရွယ် ကလေးများအနက် အချို့မှာမူကြိုပညာရေးရရှိထားပြီး အချို့မှာမူကြိုလုံးဝတက်ရောက်ထားခြင်း မရှိကြပါ။ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း၏ တွေ့ရှိချက်အရလည်း မြန်မာနိုင်ငံတွင် မူကြိုပညာရေး အခွင့်အလမ်းရရှိသူ ကလေးဦးရေမှာ(၂၂.၉)ရာခိုင်နှုန်းသာရှိကြောင်းသုံးသပ်ဖော်ပြထားပါသည်။ ထို့ကြောင့် မူကြိုအတွေ့အကြုံ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကျောင်းသို့ရောက်ရှိလာသော (၅)နှစ်အရွယ် ကလေးအားလုံး သင်ယူမှုအခွင့်အလမ်း တစ်ပြေးညီရရှိပြီး မူလတန်းပညာရေးကို လွယ်ကူချောမွေ့စွာ ဆက်လက် သင်ယူနိုင်ရေးအတွက် သူငယ်တန်းသင်ရိုးသစ်ကို စတင်အကောင်အထည်ဖော်ခြင်းဖြစ်သည်။

DBE BOX

သူငယ်တန်းပညာရေး ဆရာလမ်းညွှန်၏ အဓိကရည်ရွယ်ချက်မှာ အသစ်ပြဋ္ဌာန်းသည့် သူငယ်တန်း သင်ရိုးညွှန်းတမ်းအညွှန်းဘောင်တွင် ဖော်ပြထားသော သင်ယူဖွံ့ဖြိုးမှုရလဒ်များ အောင်မြင်ပေါက်မြောက်စေရန် တစ်နှစ်တာအစီအစဉ်များ၊ အပတ်စဉ်၊ နေ့စဉ်သင်ယူမှုလုပ်ငန်းများကို စနစ်တကျ စီစဉ်ဆောင်ရွက်ရေးအတွက် လမ်းညွှန်မှုပေးရန်ဖြစ်ပါသည်။ ဘာသာရပ် နယ်ပယ်ဟူ၍မရှိဘဲ၊ အကြံပြုထားသော အကြောင်းအရာများကိုမူတည်ကာ ဖွံ့ဖြိုးမှုနယ်ပယ်ခြောက်ရပ် လွှမ်းခြုံမိအောင် ပေါင်းစပ်စီစဉ်ဆောင်ရွက်ရေးအတွက် ဆရာများကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ခြင်းလည်းဖြစ်ပါသည်။

ဆရာလမ်းညွှန်စာအုပ်တွင် သူငယ်တန်းကလေးများအား မည်သို့ချဉ်းကပ်သင်ကြား နိုင်မည်ကို နမူနာသင်ခန်းစာများ၊ အကြံပြုချက်များဖော်ပြထားပြီး ဆရာများအနေဖြင့် ဆရာလမ်းညွှန်ပါလုပ်ငန်းများ အတိုင်း တစ်သဝေမတိမ်း ဆောင်ရွက်ရန်မဟုတ်ဘဲ မိမိတို့ဒေသ၊ ကျောင်းအခြေအနေနှင့်လျော်ညီစွာ (မူလရည်ရွယ်ချက်မပျောက်စေဘဲ) ဖန်တီးပြောင်းလဲသင် ကြားနိုင်ပါသည်။ တိုင်းရင်းသားအများစုရှိသော ဒေသများတွင် သက်ဆိုင်ရာ တိုင်းရင်းသား ဘာသာစကားကို သင်ကြားရေးဘာသာစကားအဖြစ် အသုံးပြု သင်ကြားနိုင်ပါသည်။

**အခန်း(၁)**တွင် သူငယ်တန်းသင်ရိုးညွှန်းတမ်းနှင့်ဆိုင်သော နောက်ခံအချက်များနှင့် ဤလမ်းညွှန်၏ ရည်ရွယ်ချက်များကို ဖော်ပြထားသည်။

**အခန်း(၂)**တွင် ကလေးများ၏ သင်ယူမှုနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ သဘောတရားများကို ရှင်းလင်းဖော်ပြထားပါသည်။ ဆရာ၊ဆရာမများသည် ထိရောက်သောပံ့ပိုးမှုကို ပေးနိုင်ရန်နှင့် ကလေးများ၏ သဘာဝကိုလည်း နားလည်ထားရန် အရေးကြီးပါသည်။

**အခန်း(၃)**တွင် သူငယ်တန်းသင်ရိုးညွှန်းတမ်းအညွှန်းဘောင်ကို ဖော်ပြထားပါသည်။ ဆရာများအနေဖြင့် သူငယ်တန်းကလေးများအတွက် နေ့စဉ်လုပ်ငန်း (၃)ခုဖြစ်သော ပုံမှန်လုပ်ငန်းများအတွက် အချိန်၊ ကစားချိန်နှင့် အကြောင်းအရာ ခေါင်းစဉ်များသင်ကြားချိန်တို့ကို အကောင်းဆုံးပြင်ဆင်သင်ကြားနိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းအသစ်၏ သဘောသဘာဝကို ကျေညက်စွာ လေ့လာထားရန်လိုအပ်ပါသည်။

**အခန်း(၄)**တွင် ဖွံ့ဖြိုးမှုနယ်ပယ်တစ်ခုချင်းအလိုက် ဆရာများက စီစဉ်လုပ်ကိုင် ဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများကို ဖော်ပြထားပါသည်။

**အခန်း(၅)**တွင် နယ်ပယ်အလိုက်သင်ယူမှုလုပ်ငန်းများကို နမူနာဖော်ပြထားပါသည်။

**အခန်း(၆)**သည် သင်ကြားရေးအစီအစဉ်များ၊ သင်ယူမှုလုပ်ငန်းများ စီစဉ်ဆောင်ရွက်ခြင်းကို ဖော်ပြထားပါသည်။ သင်ရိုးညွှန်းတမ်းကို လက်တွေ့အကောင်အထည်ဖော်သည့်အခါ နေ့စဉ်သင်ယူမှုလုပ်ငန်းများ၊ သင်ယူလုပ်ကိုင်ချိန်များ၊ သင်ယူရန်နေရာများနှင့် သင်ယူမှုပတ်ဝန်းကျင်တို့ကို မည်သို့စီစဉ်ဆောင်ရွက်နိုင်မည်ကို ရှင်းလင်းညွှန်ပြထားပါသည်။

**အခန်း(၇)**သည် ကလေးများ၏ သင်ယူမှုနှင့် ဖွံ့ဖြိုးမှုအခြေအနေ၊ ၎င်းတို့၏ လိုအပ်ချက်များကို စောင့်ကြည့်လေ့လာအကဲဖြတ်၍ ဆန်းစစ်ခြင်းနှင့် သက်ဆိုင်ပါသည်။

**အခန်း(၈)**မှာ အကူးအပြောင်းကာလကို စီမံခန့်ခွဲနိုင်ရန် စီစဉ်ပေးထားပါသည်။

**အခန်း(၉)**တွင်မူ ပူးပေါင်းဆောင်ရွက်နိုင်သည့်လုပ်ငန်းများကို အကြံပြုထားပါသည်။

သူငယ်တန်းဆရာများအနေဖြင့် မိမိတို့တာဝန်ကျရာဒေသရှိ ရပ်ရွာလူကြီးများ၊ မိဘများအား သင်ရိုးသစ်အကြောင်းကို အသိပေးပြောကြားရန်လိုပါသည်။ သူငယ်တန်းအဆင့် သင်ရိုးညွှန်းတမ်းကို နိုင်ငံ၏လိုအပ်ချက်များနှင့် လိုက်လျောညီထွေရှိစေပြီး နိုင်ငံတကာစံချိန်စံညွှန်းများနှင့်လည်း တစ်ပြေးညီ ရှိစေရန် ဦးတည်ပြုစုထားသည်နှင့်အမျှ အကောင်အထည်ဖော်ရာတွင်လည်း သင်ရိုးညွှန်းတမ်းတွင် ဖော်ပြ

ထားသည့်အတိုင်း ကျောင်းအုပ်ကြီး၏ ဦးဆောင်မှုဖြင့် မိဘ၊ ဆရာ၊ ကျောင်းသားပူးပေါင်း၍ စနစ်တကျ ဆောင်ရွက်မှသာလျှင် သူငယ်တန်းကလေးများအနေဖြင့် အခြေခံပညာကို ဆက်မလက်သင်ယူနိုင်ရေး အတွက် ခိုင်မာသည့် အခြေခံအုတ်မြစ်ကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

ကျောင်းအခြေပြုလုပ်ငန်းခွင်တွင်းဆရာအတတ်ပညာအစီအစဉ်အရရေးသားထားသောသူငယ်တန်း ဆရာလမ်းညွှန်ကို အထက်ဖော်ပြပါ အခန်း ၉ ခန်းဖြင့် မော်ဂျူးပုံစံပြုစုထားရာ ဆရာများအနေနှင့် ဤမော်ဂျူး ကို မိမိတို့ကိုယ်တိုင် လေ့လာသင်ယူရန်ဖြစ်ပါသည်။

### လေ့လာရန် မည်သည့်ပစ္စည်းများ လိုအပ်ပါသလဲ။

ဆရာတို့ လိုအပ်သည်မှာ–

- ကိုယ်ပိုင်အကဲဖြတ်စစ်ဆေးပုံစံတစ်စုံ (အပိုင်း က နှင့် ခ ပါဝင်သည်)
- ခဲတံ သို့မဟုတ် ဘောလ်ပင်တစ်ချောင်း
- မှတ်တမ်းရေးရန် မှတ်စုစာအုပ်တစ်အုပ် (လေ့လာရရှိသည့် အယူအဆ၊ အတွေးအခေါ်များ၊ အဖြေများ၊ အကျဉ်းချုပ်စသည်တို့ကို ရေးသားရန်)

**မှတ်တမ်းစာအုပ်**– ဆရာ၊ဆရာမတို့ ရေးလိုသည့်အချိန် လွတ်လပ်စွာ ရေးသားနိုင်သည်။ သို့သော်လည်း တစ်ခါတစ်ရံ လမ်းညွှန်မှုစာအုပ်က ရေးသားရန်လမ်းညွှန်သည့်အခါတွင်လည်း ရေးသားရန်လိုအပ်ပါသည်။ သူငယ်တန်း သင်ပြမှုပုံစံစာအုပ်၊ ဘာသာစကား မိုငြမ်းပြု လမ်းညွှန်စာအုပ်များကိုလည်း မှန်မှန်အသုံးပြုရန် လိုအပ်ပါသည်။ ဤစာအုပ်များသည် ဆရာ၊ဆရာမတို့၏ ကျောင်းတွင် ထားနှင့်ပြီးဖြစ်သည်။

### ဤမော်ဂျူးကို မည်ကဲ့သို့ လေ့လာသင့်သလဲ။

စာသင်နှစ်တစ်နှစ်ပတ်လုံးတွင် မိမိတို့၏ကျောင်း၌ လေ့လာရမည်ဖြစ်သည်။ မော်ဂျူးကို ကိုယ်တိုင် လေ့လာ(Self study) ရမည် ဖြစ်သော်လည်း ကျောင်းရှိ ဆရာ၊ဆရာမများနှင့်လည်း လေ့လာဆွေးနွေးနိုင် ပါသည်။

လေ့လာရာတွင် အခန်းတစ်ခုချင်းရှိခေါင်းစဉ်တစ်ခုချင်းကို လေ့လာရန်ဖြစ်သည်။အခန်းတစ်ခန်းစီရှိ ပေးထားသည့် စဉ်းစားရန်မေးခွန်းများကို မိမိတို့ကိုယ်တိုင် စဉ်းစားပြီး၊ ဖတ်ပါဟု ပေးထားသောအပိုင်းမှ အကြောင်းအရာများကို သေချာနားလည် သဘောပေါက်သည်အထိ လေ့လာကြရပါမည်။ မိမိတို့ လေ့လာ ဖတ်ရှုခဲ့သည့် အကြောင်းအရာ အချက်အလက်များကို စာသင်ခန်းတွင်း လက်တွေ့ပြန်လည် အသုံးချရန်မှာ အထူးလိုအပ်ပါသည်။ ထိုကဲ့သို့ ပြန်လည် လက်တွေ့အသုံးချသည်များကို မှတ်တမ်းရေးသားရန်လည်း လိုအပ်ပါသည်။

ဤမော်ဂျူးရှိအခန်းတစ်ခန်းကိုလေ့လာပြီးဆုံးတိုင်းတစ်ခန်းလုံးအတွက်မိမိနားလည်သဘောပေါက် သည်များ၊ ပြန်လည်လက်တွေ့ဆောင်ရွက်ခဲ့သည်များကို မိမိကိုယ်ကို ပြန်လည်အကဲဖြတ်ကြရမည်ဖြစ် ပါသည်။ အကဲဖြတ်ရာတွင် ရိုးသားမှန်ကန်စွာ အကဲဖြတ်ရန် အရေးကြီးပါသည်။

### မိမိကိုယ်ကိုအကဲဖြတ်ခြင်း

ဤမော်ဂျူးကို စတင်မလေ့လာမီ အကဲဖြတ်စစ်ဆေးပုံစံကို အသုံးပြု၍ မိမိကိုယ်ကို အကဲဖြတ်ပါ။ အကဲဖြတ်စစ်ဆေးပုံစံတွင် **အပိုင်း(က) သင်ကြားမှုကို ကြည့်ရှုလေ့လာခြင်း**နှင့် **အပိုင်း(ခ) သင်ယူမှုကို ကြည့်ရှုလေ့လာခြင်း**ဟု နှစ်ပိုင်းပါရှိသည်။

မော်ဂျူး စတင်မလေ့လာမီ မိမိကိုယ်ကို အကဲဖြတ်ခြင်းအားဖြင့် မော်ဂျူး၏ ရည်ရွယ်ချက်များကို သိရှိနိုင်ပြီး မော်ဂျူးက ပံ့ပိုးကူညီပေးမည့် ဆရာ၊ဆရာမတို့၏ အတန်းတွင် ပြုလုပ်နိုင်သည့် ပြောင်းလဲမှု အမျိုးအစားများအကြောင်း သိရှိသွားမည်ဖြစ်သည်။

မော်ဂျူးလေ့လာပြီးနောက်တွင်လည်းမိမိကိုယ်ကိုပြန်လည်အကဲဖြတ်ကြရပါလိမ့်မည်။ယခုအသုံးပြုသည့် စစ်ဆေးပုံစံကိုပင် ပြန်လည်အသုံးပြု၍ ဆရာ၊ဆရာမတို့၏ သင်ကြားမှုတွင် မည်သည့်တိုးတက်ပြောင်းလဲမှုများ ပြုလုပ်နိုင်ခဲ့သည်။ မည်သည့်နယ်ပယ်တွင် တိုးတက်ရန် ပြန်လုပ်ဖို့လိုသေးသည်များကို သိရှိနိုင်မည်ဖြစ်သည်။

ဆရာ၊ဆရာမများနှင့် စစ်ဆေးပုံစံအသုံးပြုသောသူအားလုံးသည် အညွှန်းကိန်းတစ်ခုစီကို ဖတ်သင့်သည်။ ဆရာများ၏ လက်ရှိသင်ကြားနေပုံကို အကောင်းဆုံးဖော်ပြသည့်အချက်ကို ရွေး၍မှတ်သားခဲ့ပြီး နေ့စွဲကို သင့်တော်သော အကဲဖြတ်စာတိုင်တွင် ရေးရမည်ဖြစ်သည်။

---||---